သတင်းရင်းမြစ် > အောင်မင်း ဘာသာပြန်သည်
တနင်္လာနေ့၊ အောက်တိုဘာလ ၁၄ ရက် ၂၀၁၃ ခုနစ် ၁၀ နာရီ ၁၄ မိနစ်

ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသော မြန်မာရွှေ့ပြောင်းလုပ်သားများဟု ယူဆထားသူ ၁၃ ဦး၏ ရုပ်အလောင်းများအား ကပ္ပလီပင်လယ်ကမ်းခြေတောင်ပိုင်းတွင် တွေ့ရှိခဲ့ရသည်ဟု ထိုင်းရေတပ်မတော်မှ ရဲအရာရှိ တစ်ဦးက လွန်ခဲ့သော တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

ကပ္ပလီပင်လယ်ကမ်းခြေတွင် တွေ့ရှိခဲ့သော ရုပ်အလောင်းများမှာ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ ရုပ်အလောင်းများဖြစ်ပြီး ၎င်းတို့မှာ ရာသီဥတုဆိုးရွားသည့် ယခုသီတင်းပတ်ဗုဒ္ဓဟူးနေ့တွင် လှေမှောက်ကာ သေဆုံး ခဲ့ကြခြင်းဖြစ်သည်ဟု ယူဆကြောင်း ဘန်ကောက်မြို့ တောင်ပိုင်း ကီလိုမီတာ ၅၈၀ အကွာရှိ ရနောင်းခရိုင်မှ
ရေတပ်ရဲအရာရှိတစ်ဦးဖြစ်သူ Nirat Chuayjit က ပြောကြားလိုက်သည်။

မြန်မာနိုင်ငံမှ ထောင်နှင့်ချီသော အလုပ်သမားများမှာ လုပ်ခလစာနည်းပါးသည့် အလုပ်ကြမ်းများအား လုပ်ဆောင်ရန် အတွက် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ရှိသည်။ ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံ၏ တင်းကျပ်သည့် ဥပဒေများအောက်တွင် တရားဝင် အလုပ်လုပ်ကိုင်နိုင်သော်လည်း အများစုမှာ တရားမဝင် အလုပ်လုပ်ကိုင်လျက်ရှိသည်။

လှေအတွင်း စီးနင်းလိုက်ပါလာသည့် အရေအတွက်နှင့် အသက်ရှင်ကျန်ရစ်သူ အရေအတွက်အား မသိရသေးဘဲ၊ သာမန်အားဖြင့် လှေများတွင် လူ ၃၀ ဝန်းကျင် လိုက်ပါလေ့ရှိသည်ဟုလည်း Nirat က ဆိုသည်။

ထို့အပြင် အသက်ရှင်ကျန်ရစ်သူများအနေဖြင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ကြုံတွေ့ရမည့် တရားဥပဒေအရ အရေးယူဆောင်ရွက်မှုများအား ကြောက်ရွံ့ကာ ထိုင်းအာဏာပိုင်များကို ဆက်သွယ်နိုင်ချေမရှိဟုလည်း Nirat က ထပ်လောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်းမှ ထိုင်းနိုင်ငံသို့ ရေလမ်းမှ တရားမဝင်ဝင်ရောက်ကာ အလုပ်လုပ်ကိုင်သူများမှာ ထိုင်းနိုင်ငံအတွင်း မိုးရာသီတွင်သာ ဝင်ရောက်ရန် ကြိုးပမ်းလေ့ရှိသည်။ ထိုသို့ဝင်ရောက်ခြင်းသည် ထိုင်းရေတပ်မတော် အနေဖြင့် မိုးရာသီ မုန်တိုင်းကျရောက်နေသည့် အချိန်များတွင် လှည့်လည် ကင်းစောင့်ခြင်းအား ပုံမှန် မဆောင်ရွက်နိုင်ခြင်း
ကြောင့် ဖြစ်သည်ဟုလည်း Nirat က ပြောကြား လိုက်သည်။

Ref : [http://hosted.ap.org/dynamic/stories/A/AS_THAILAND_MIG-RANTS_KILLED?]() [Post]()
by
[Mizzima - News in Burmese]()
.